စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တနိုင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ

လမုန်ကျေးရွာ၊ တနိုင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ် စက်တင်ဘာလ

မာတိကာ

၁။တည်နေရာနှင့်ပထဝီအနေအထား

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ကျေးရွာရှိကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င)ပညာရေး

(စ)ကျန်းမာရေး

(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ)ကျား-မရေးရာ

၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁)-ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

Scanned by CamScanner

၁။တည်နေရာနှင့်ပထဝီအနေအထား

လမုန်ကျေးရွာသည်ကချင်ပြည်နယ်မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ် မကောကျေးရွာအုပ်စု ၊တနိုင်းမြို့၏ မြောက်ဘက် တနိုင်းမြို့မှ (၂)မိုင်ခန့်အကွာ တနိုင်းချောင်းတစ်ဖက်ကမ်းတွင် တည်ရှိပါသည်။ကျေးရွာ၏ အနေအထားမှာ မြေပြန့်ဖြစ်ပြီး တနိုင်းလီဒို လမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ ကျေးရွာပတ်လည်တွင်အင်းများ ရှိခြင်းကြောင့် မိုးတွင်းကာလတွင် ကျေးရွာသို့ရောဝင်ခြင်းမရှိသော်လည်း ကျေးရွာနှင့်တနိုင်းမြို့ လီဒိုလမ်းမပေါ်တွင် ရေလွှမ်းမိုး၍ သွာလာရန်အခက်အခဲ ဖြစ်ရပါသည်။ ၃နှစ်တစ်ကြိမ်လောက်ရေကြီးလေ့ရှိသည်ဟု သိရပါသည်။ ကျေးရွာသည် ၁၉၇၈ ခုနှစ်လောက်မှစတင်တည်ရှိပြီး ကျေးရွာတွင် လီဆူလူမျိုးအများစု နေထိုင်ပြီး ရခိုင်၊ဗမာ၊ နာဂ၊ ကချင်၊ ကရင်လူနည်းစုတို့လည်း နေထိုင်လျက်ရှိပြီး အလွှာပေါင်းစုံ နေထိုင်ကြပါသည်။

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ(၁၁၅) ခန့်ရရှိသည်။ သဘာဝပေါက်ပင်များမှဝါးပင်၊ ငှက်ပျောပင် နှင့် မန်ကျည်းနွယ်ပင်များရှိပါသည်။ ကျေးရွာသူ/သားများမှ မန်ကျည်းနွယ်အား ရှာဖွေရောင်းချ၍ စားဝတ်နေရေးအခက်အခဲအားဖြေရှင်းလျက်ရှိပါသည်။မန်ကျည်းနွယ်များမှာ ပုံမှန်ဈေးမရှိပါ အရည်အသွေးကောင်းမကောင်းပေါ်မူတည်၍ ဝယ်ဈေးအားဆုံးဖြတ်ကြပါသည်။တရုတ်ပြည်မှ လူသုံးကုန်အမွေးနဲ့သာများ ပြုလုပ်ရန်ဝယ်ယူခြင်းဖြစ်သည်ဟုသိရပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧက (၄၀၁)ဧက၊တောင်ယာ (၂၂၆)ဧက၊ဥယျာဉ်(၁၃၆) ဧက ၊ကိုင်းကျွန်း (၂၅)ဧက၊ စားကျက်မြေ(၇)ဧက နှင့် မြေလွတ်(၅၁)ဧကရှိပြီး စပါး၊ လိမ်မော်ပင်၊ ဂရိတ်ဖုပင်၊ သံပုရာပင်၊ ရှောက်သီးပင်၊ ကမ္မလာသီးပင်၊ငှက်ပျောပင်နှင့် အခြားဟင်းသီး ဟင်းရွက်များ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ အင်းများ၊ ချောင်းများရှိသော်လည်း ၄င်းတို့မှ ရေကို စိုက်ပျိုးရေးအတွက် အသုံးမပြုနိုင်ခြင်း မရှိသေးဘဲ မိုးရေ၊ရေစုပ်စက်များနှင့်သာအားကိုး၍ စိုက်ပျိုးရပါသည်။

၃။ကျေးရွာရှိကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အဖွဲ့ပေါင်း(၉)ဖွဲ့ရှိပြီး ကျေးရွာ၏သာရေးနာရေးများကို လုပ်ဆောင်နေသော ဘာသာရေးအသင်းအဖွဲ့၊အမျိုးသမီးအဖွဲ့၊ မိခင်အဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့နှင့် ကျောင်းကော်မတီအဖွဲ့ဟူ၍ (၅)ဖွဲ့ရှိပါသည်။ မြစိမ်းရောင်အဖွဲ့၊ သမဝါယမအဖွဲ့၊ နှင့် SRGအဖွဲ့များမှာ စီးပွားရေးကို အခြေခံသောအဖွဲ့(၅)ဖွဲ့ဖြစ်ပါသည်။ ၄င်းအဖွဲ့များကိုသုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့

Scanned by CamScanner

ကိုယ်တိုင်လိုအပ်ချက်အရဖွဲ့စည်းသော အဖွဲ့များသည်တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်းအချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိပါသည်။ လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီး ကြာရှည်လည်းရပ်တည်နိုင်ကြသည်။ပြင်ပအဖွဲ့အစည်းများမရှိကြောင်းတွေ့ရှိရပါသည်။သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအကောင်းအထည်ဖော်ရုံသဘောမျှသာဖွဲ့စည်းထားသည့်ပုံစံဖြစ်ပါသည်။ ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန်မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများကအားကောင်းကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းစွာဦးဆောင် စီမံခန့်ခွဲနိုင်သောအဖွဲ့အစည်းစနစ်တကျမရှိသေးပါ။ကျေးရွာအတွင်းအဖွဲ့အစည်းများစွာရှိသော်လည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့လုပ်ဆောင်ချက်များကိုမသိဘဲ အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုမရှိဘဲ အားနည်းနေပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင်နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါးနှင့်လိမ္မော်ပင် တို့ဖြစ်ပါသည်။ လိမ္မော်ပင်များအား စီးပွားဖြစ်စိုက်ပျိုးကြပြီး ဝင်ငွေကောင်းပါသည်။ကျေးရွာတွင် လယ်ဧက (၄၀၁)ဧက၊တောင်ယာ (၂၂၆)ဧက၊ဥယျာဉ်(၁၃၆) ဧက ၊ကိုင်းကျွန်း (၂၅)ဧက၊ စားကျက်မြေ (၇) ဧက နှင့် မြေလွတ်(၅၁)ဧကရှိပြီး စုစုပေါင်း (၈၄၆) ဧကရှိပါသည်။ စိုက်ပျိုးမြေများမှာ မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးမြေ တိုးချဲ့ရန် မြေလွတ်မြေလပ်မရှိပါ။ ကျေးရွာ၏ အောက်ဘက်တွင်လယ်များ သွားရောက်လုပ်ကိုင်သော်လည်း မိုးအခါတွင် ရေလွှမ်းမိုးမှုများရှိသောကြောင့် သီးနှံများပျက်စီးဆုံးရှုံးရပြီး အထက်ဘက်တွင် သွားရောက်လုပ်ကိုင်သော်လည်း ဘေးမဲ့တောဧရိယာများကြောင့် လုပ်ကိုင်စားသောက်ရန် အခက်အခဲဖြစ်ရခြင်း၊ လယ်ယာမြေပိုင်ဆိုင်မှုနည်းပါးခြင်း များဖြစ်ကြပါသည်။ မိုးတွင်းအခါ လမုန်ချောင်းရေသည် ကျေးရွာပတ်လည်ရှိ အင်းကောများတွင် ဝင်ရောက်နေသော်လည်း စိုက်ပျိုးရေအဖြစ် အသုံးမပြုနိုင်ခြင်းကြောင့် မိုးရေကိုသာအဓိကထားပြီး စိုက်ပျိုးနေရပါသည်။ လမုန်ချောင်းမှရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုနိုင်ပါက စိုက်ပျိုးရေးအတွက်အဆင်ပြေလာနိုင်မည်ဖြစ်ပါသည်။ စပါးတစ် ဧကအနည်းဆုံး (၃၅)တင်းမှ အများဆုံးတင်း(၆၀)အထိထွက်ရှိပြီး ပျမ်းမျှတစ်ဧက (၄၅)တင်းနှုန်း ထွက်ရှိပါသည်။ မိုးစပါးကို ဓူလိုင်လတွင်စတင်ပျိုးထောင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ ရာသီဥတုမှန်လျှင်သော်လည်းကောင်း၊ စပါးသီးချိန်တွင်ချောင်းရေမကြီးပါက စပါး အထွက်နှုန်းကောင်းရှိပါသည်။ ဟင်းသီး/ဟင်းရွက်ကို ဝင်ငွေရသီးနှံအဖြင့် စိုက်ပျိုးကြပြီး တနိုင်းမြို့ဈေးသို့ သွားရောက်ရောင်းချကြသည့်အခါများ၌ တခါတရံရောင်းမကုန်သည့် အခါမျိုး လည်းရှိကြပါသည်။

Scanned by CamScanner

ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ(၁၃၆)ကေရှိပြီးနှစ်ရှည်ပင်များဖြစ်သော သရက်ပင်၊လိမ္မော်ပင်၊ ခရေပင်၊ သစ်မွေးပင်များစိုက်ပျိုးထားပြီး လိမ္မော်ပင်နှင့်ခရေပင်များမှာဖြစ်ထွန်း၍ ရောင်းချ ရာတွင်လည်း အဆင်ပြေပါသည်။တစ်ခါတစ်ရံ လိမ္မော်ပင်များမှာပိုးကျတတ်၍ စိုက်ပျိုးရေး နည်းပညာဗဟုသုတများ ပံ့ပိုးပေးရန်လိုအပ်ပါသည်။ ဈေးကွက်ဝင်သီးနှံရွေးချယ် စိုက်ပျိုးနိုင်ကြပြီး လယ်/ယာသုံးစက်ကိရိယာများ မတတ်နိုင်၍ လူလုပ်အားဖြင့်သာ လုပ်ကိုင်နေရသောကြောင့် အလုပ်တွင်ကျယ်ခြင်းမရှိဘဲ မျှော်မှန်းထားသလောက်မလုပ်ဆောင်နိုင်ပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက်လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက် အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

ကျေးရွာအနီး သယ်ဇာတအနေဖြင့်ကျေးရွာမှ(၁၂)မိုင်ကျော်တွင် ပယင်းတူးဖော်ရရှိနိုင်သဖြင့် ပယင်းမှော်တွင် တနိုင်တပိုင်ကျောက်တူးသွားကြရပါသည်။ကျေးရွာတွင်မြေယာမဲ့ (၁၅၅) အိမ် ၊ ဆင်းရဲသားတောင်သူ (၈၀) အိမ်၊တောင်သူငယ်(၂၅)အိမ်၊တောင်သူလတ်(၇)အိမ်နှင့်တောင်သူကြီး အိမ်မရှိပါ။မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူသည်အရေအတွက်အားဖြင့်(၁၅၂)အိမ်ရှိပြီး၊တောင်သူ လတ်နှင့်တောင်သူကြီးမှာအရေအတွက်မှာ(၇)အိမ်သာရှိသဖြင့်မြေယာပိုင်ဆိုင်မှုမှအလွန် ကွာဟချက် ရှိကြောင်းတွေ့ရပါသည်။မြေယာပိုင်ဆိုင်မှုမညီမျှမှုရှိကြောင်းတွေ့ရပါသည်။

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွားဖြစ် မွေးမြူထားလေ့မရှိပါ။နွားကိုမွေးမြူသောအိမ်ထောင်စု(၁၂၈)စုမှနွားကောင်းရေ(၃၇၄)ကောင်၊ ဝက်ကို အိမ်ထောင်စု(၂၇၈)အိမ်မှ ဝက်ကောင်ရေ(၃၈၄)ကောင်း၊ကြက်ကို အိမ်ထောင်စု (၄၄၁) အိမ်မှ အကောင်းရေ (၃၃၅၉) ကောင်၊ ဘဲကို (၂၃)အိမ်မှ အကောင်ရေ(၁၂၉)ကောင် မွေးမြူထားပြီး ကျွဲမွေးမြူထားသော အိမ်ထောင်စု (၉၇)မှ(၂၄၃)ကောင်နှင့် ဆိတ်မွေးမြူထားသော အိမ်ထောင်စု (၁)စုမှ(၄)ကောင်မွေးမြူထားကြောင်းတွေ့ရပါသည်။ မွေးမြူရေးနှင့်ပက်သက်၍ ဈေးနှင့်နီးပြီး ဈေးကွက်အလုံအလောက်ရှိပြီး တိုးမြှင့်မွေးမြူလိုသော်လည်း အရင်းအနှီးနည်းပါးခြင်း၊ မိုးတွင်ရေကြီးခြင်း၊ ရာသီအကူးအပြောင်းတွင်တိရိစ္ဆာန်ရောဂါကို ကာကွယ်သည့်နည်းပညာ ဗဟုသုတ မရှိခြင်းတို့ကြောင့် နှစ်စဉ်ရှုံးဆုံးမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ သားသတ်လိုင်စင်များ၏ ခေါင်းပုံ အဖြတ်ခံရခြင်း ၊လွတ်လပ်စွာရောင်းချခွင့် မရှိခြင်း ပြဿနာ များရှိပါသည်။

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာအတွင်းလက်တူတွင်း(၂၀၀)တွင်း၊အဝိစိ/တုံကင်(၃၁၂)တွင်း၊အဝိစိတွင်းစက်တပ် (၁)တွင်း၊မိုးရေလှောင်ကန် (၈)ခု၊ရေကန်(၁)ခုနှင့် မြစ်ရေချောင်းရေကို အသုံးပြုနေရသော အိမ်ထောင်စု (၂၆၆)စုရှိပါသည်။ မြစ်ရေချောင်းရေအသုံးပြုရသော အိမ်ထောင်စု များပြားသဖြင့်

Scanned by CamScanner

လက်တူးတွင်းနှင့် အဝိစိတွင်းများကို လုံလောက်စွာချထားပေးရန်လိုအပ် ပါသည်။ ရေအရည်အသွေးကောင်းမွန်သည်ဟုသိရပါသည်။

ကျေးရွာတွင်မူလတန်းကို ၂၀၈၃ခုနှစ်တွင် ကိုယ်ထူကိုယ်ထစတင်ဖွင့်လှစ်၍ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် အထက်တန်းကျောင်း(ခွဲ)ကိုဖွင့်လှစ်ခွင့်ရရှိ၍ မူလတန်းကျောင်းသူ/ကျောင်းသားဦးရေ(၁၄၉)၊ အလယ်တန်းကျောင်းသား/သူ (၈၅)ဦး၊ အထက်တန်း(၃၅)ဦးရှိပါသည်။ ကျောင်းအဆောက်အဦးများမှာ တစ်ထပ်ဆောင် (၃)ခု နှစ်ထပ်ဆောင် (၁)ခုရှိပါသည်။ ကျောင်းအဆောက်အဦးနှင့် ကျောင်းသား/သူဦးရေ လုံလောက်မှုရှိပါသည်။ ကျောင်းတွင် အစိုးရခန့် ဆရာ /ဆရာမ(၃၃)ဦး ရှိပါသည်။ ကျောင်းအတွက်ဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ကျောင်းခြံစည်းရိုးအား သံဆူးကြိုး၊သံဇကာ၊ဝါးတိုဖြင့် ကာထားပြီး ခြံစည်းရိုးမှာ ခိုင်ခံ့မှုမရှိခြင်း၊ တစ်မျိုးတည်း တပြေးညီ ကာရန်ထားမှုမရှိခြင်း၊ သင်ထောက်ကူပစ္စည်းများလိုအပ်ခြင်း၊အဓိကမှာကျောင်းသည် အထက်တန်းကျောင်းခွဲ ဖြစ်လာ၍ လူဦးရေများပြားလာပြီး ကျောင်းသားဦးရေနှင့် အိမ်သာလုံလောက်မှုမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေမှာကျေးရွာတွင်ကျေးလက်ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးဆရာမလုံလောက်မှုမရှိပါ။ကျေးရွာလူဦးရေနှင့်ကိုက်ညီသော ကျန်းမာရေးဆရာ/ဆရာမ ခန့်ထားပေးရန်လိုအပ်ပါသည်။လူနာများအရေးပေါ်အခြေအနေဖြစ်ပါကတနိုင်းမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရန်အရေးပေါ်လူနာတင်ယာဉ်လိုအပ်ပါသည်။ကျေးရွာရှိအိမ်တိုင်းနီးပါးယင်လုံအိမ်သာကို၁၀၀%နီးပါးသုံးစွဲနိုင်ကြပါသည်။

ကျေးရွာတွင်မဟာဓါတ်အားလိုင်မရှိပါ။ ဆိုလာအသေးစားများဖြင့်သုံးစွဲသည့် အိမ်ထောင်စု (၅၆၂)၊ဒီဇယ်အင်ဂျင်သုံးစွဲသည့် အိမ်ထောင်စု(၅၁) ၊ ရေအားဖြင့်သုံးစွဲသည့် အိမ်ထောင်စု (၆)အိမ်နှင့်အခြားနည်းသုံးစွဲသူ(၂၄)အိမ်ထောင်စုရှိပြီး အသုံးပြုနိုင်ခြင်းမရှိသောအိမ်ထောင်စု (၁၇)နှင့် ဇီဝလောင်စာသုံးစွဲသူမရှိပါ။ဆိုလာစနစ်သုံးစွဲသူ(၅၆၂)အိမ်ထောင်စုမှရာသီဥတုမကောင်းပါကအားမပြည့်ပါ။စာကြည့်မီးအတွက်သာအသုံးပြုနိုင်ပြီးကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများအသုံးပြု၍မရနိုင်သောကြောင့်အခက်အခဲများရှိပါသည်။အင်ဂျင်မီးစက်အသုံးပြုရာတွင်ဆီဖိုးနှင့်ပြုပြင်ထိန်သိမ်းစရိတ်ကုန်ကျမှုများပါသည်။ ဖယောင်းတိုင်မီးများသုံးစွဲနေရခြင်းကြောင့်မီးဘေးအန္တရာယ်လဲရှိပါသည်။

ကျေးရွာဈေးမရှိပါ၊ကျေးရွာတွင် အိမ်ဆိုင်အနည်းငယ်သာရှိပါသည်။ကျေးရွာနှင့်(၂) မိုင်ဝေးကွာသောဈေးတွင်လိုအပ်သောပစ္စည်းများကိုသွားရောက်ဝယ်ယူသုံးစွဲရပါသည်။ကျေးရွာမှသီးနှံထွက်ကုန်များရောင်းချရန်နှင့် ဝယ်ယူစားသောက်ရန်ဈေးလိုအပ်ပါသည်။

Scanned by CamScanner

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင်အစိုးရစိုက်ပျိုးရေးဘဏ်မှချေးငွေရရှိပါသည်ပုံစံ(၇)ရှိသောလယ်တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှင့်အများဆုံးချေးငွေရရှိနိုင်ပါသည်။ချေးငွေကာလမှာ၆-ဧလဖြစ်ပါသည်။ လမုန်ကျေးရွာ တောင်သူအနည်းငယ်သာချေးငွေရရှိပြီး အများစုမှပုံစံ(၇)မရှိသောကြောင့် ချေးယူ၍မရပါ။ စိုက်ပျိုးချေးငွေမရရှိသဖြင့်ပြင်ပငွေချေးသူများထံမှအတိုးနှုန်းမြင့်မားစွာချေးယူ၍စိုက်ပျိုးကြရပါသည်။သီးနှံစိုက်ခင်းများသည်ရေလွှမ်းမိုးမှုမရှိပါကသီးနှံများ ထွက်ရှိပါကချေးငွေများ ပြန်လည်ပေးဆပ်ရပါသည်။ကျေးရွာမြစိမ်းရောင်ချေးငွေမှာအတိုးနှုန်းသက်သာစွာရရှိပါသည်။အပေါင်းခံမလိုသော်လည်းကာလတိုးချေးငွေဖြစ်ပါသည်။လိုသလောက်တော့မရရှိပါ။သမဝါယမဦးစီးဌာနမှချေးငွေကိုဒနှစ်ကာလဖြင့်ချေးယူရရှိပါသည်။အိမ်ထောင်စုတစ်စုလျှင် (၁)သိန်းနှုန်းဖြင့်အတိုးငွေ (၂)ကျပ်နှုန်းပေးဆောင်ရပါသည်။အဖွဲ့မှာ မှနည်းလမ်းချမှတ်ဖွဲ့စည်းပေးခဲ့သော ကိုယ့်အားကိုကိုး ငွေစုငွေချေးလုပ်ငန်းဖြစ်ပါသည်။ အတိုး(၃)ကျပ်နှုန်းဖြင့် ချေးငွေကာလ (၁)နှစ်ဖြစ်ပါသည်။ ၎င်းချေးငွေများမှာလည်း လိုသလောက်မရရှိခြင်း၊ကာလတိုချေးငွေဖြစ် ခြင်းကြောင့် အဆင်ပြေမှု မရှိပါ။

(င)ပညာရေး

ကျေးရွာတွင်(၅)နှစ်အထက် လူဦးရေ(၂၆၀၈)ယောက်ရှိသည့်အနက် စာမတတ်သူ(၄၄၃)ဦး(ကျား၁၆၅+မ၂၇၈) မူလတန်းအဆင့်အတန်းပညာပြီးမြောက်သူ(၄၇၈)ဦး(ကျား ၂၅၆ +မ၂၂၂)၊ အလယ်တန်းအဆင့်အတန်းပညာပြီးမြောက်(၃၂၃)ဦး(ကျား၁၈၇+မ၁၃၆)၊အထက်တန်းအဆင့်အတန်းပညာပြီးမြောက်သူ(၂၃၄)ဦး(ကျား၁၁၉+မ၁၁၅)၊တက္ကသိုလ်၊ကောလိပ်အဆင့်အတန်းပညာပြီးမြောက်သူ(၂၆)ဦး(ကျား၂၂+မ၄)ရှိသဖြင့်ကျေးရွာ၏ စာတတ်မြောက်မှုအခြေအနေနိမ့်ပါးသည်။အမျိုးသားများသည်အမျိုးသမီးများထက် ပညာတတ်မြောက်သူဦးရေပိုများသည်ကိုတွေ့ရပါသည်။

ကျေးရွာတွင် ကျောင်းသားဦးရေ(၉၆၆)ဦးရှိသော်လည်း ကျောင်းဆောင် (၄) ခုသာရှိရှိပါသည်။ကျောင်းသားဦးရေနှင့်ကျောင်းဆောင်လုံလောက်မှုမရှိသဖြင့်ဝါးခင်း၊သက်ကယ်ပစ်များမိုးထားသောအဆောင်ဖြင့်သင်ကြားနေရသည်။စာရေးခုံများလည်းလုံလောက်မှုမရှိပါ။ကျောင်းဝန်းသည် အကျယ်အဝန်(၃)ဧကကျော် ရှိပြီးကျောင်းခြံစည်းရိုးမှာ ခိုင်ခံ့မှုမရှိပါ။ မူကြိုကျောင်းကို မိခင်နှင့်ကလေးမှဖွင့်လှစ်ထားပြီး မူကြိုကျောင်းအား UNDPမှ ဆောက်လုပ်ပေးထားပြီး မူကြိုဆရာမအား ကျေးရွာမှ ကျောင်းသား/သူမိဘများမှ လစဉ်ကြေးပေး၍ ၎င်းငွေဖြင့်သာပြန်လည်ခန့်အပ်ထားရပါသည်။လစဉ်ကြေးမှာ တစ်လလျှင် (၄၀၀၀)ပေးရသည်ဟုသိရပါသည်။ ကျောင်းအိမ်သာစနစ်တကျမရှိသေးပါ။လက်နှိပ်တုံကင်မှ ရေကိုအသုံးပြုနေပါသည်။

Scanned by CamScanner

(စ)ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ငှက်ဖျား၊တုပ်ကွေး သွေးတိုးရောဂါများအဖြစ်များသည်။ မိုးတွင်ကာလတွင် ကျေးရွာအတွင်းရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိခြင်းကြောင့် သွေလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါအဖြစ်များပါသည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သောရောဂါ၊တီဘီရောဂါနှင့် အာဟာရချို့တဲ့မှု ရောဂါများဖြစ်ပွားမှုနိမ့်ပါသည်။ ဓါတုဆေးဝါးပါသော အစားအစားများကိုနေ့စဉ် မလွှဲမရှောင်သာစားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့်အလေ့အထမရှိခြင်းတို့ကြောင့်ဆီးချိုသွေးချို၊ သွေးတိုးရောဂါများ အဆိုးဆုံးဖြစ်ပွားပြီးကျန်းမာရေး ဆေးကုသစရိတ်ကုန်ကျမှုများကြပါသည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သောရောဂါများမရှိပါ။လူငယ်များကြားတွင် မူးယစ်ဆေးဝါကြောင့် လူငယ်အများစုပျက်စီးရသည့်ပြဿနာရှိပါသည်။ ကျေးရွာသူ/သားများမှ မူးယစ်ဆေးဝါးအား‌တိုက်ဖျက်ချင်သောဆန္ဒရှိကြပါသည်။ ကျန်းမာရေးဗဟုသုတလည်း အားနည်းပါသည်။ ထိုကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းသုံးကရိယာများနှင့်အားကစားကွင်းများလိုအပ်ပါသည်။ကျေးရွာတွင်ကလေးကာကွယ်ဆေးများကိုပုံမှန်ထိုးပေးလေ့ရှိသော်လည်းလူကြီးများအား‌ထိုးပေးခြင်းမရှိပါ။ကျန်းမာရေးနှင့်ဆိုင်သည့် ပညာပေးဟော ပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်ပါသည်။

အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် အရံသားဖွားတက်ရောက်ပြီးသူရှိသော်လည်းကျွမ်းကျင်မှုအားနည်းပါသည်။ တနိုင်းမြို့နယ်ဆေးရုံသို့ သွားသောလမ်းသည် ကောင်းသော်လည်းအရေးပေါ်သွားလာရန်ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများ အတွက်များစွာအခက်အခဲရှိပါသည်။ ထို့ကြောင့် အရေးပေါ်ယာဉ် လိုအပ်ပါသည်။

(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာ အခြေအနေအသင့်အတင့်ရှိပါသည်။ပတ်ဝန်းကျင်းတွင် သဘာဝသံယံဇာ ထုတ်ယူသုံးစွဲသဖြင့် ရာသီဥတုဖောက်ပြန်မှုများဖြစ်ပေါ်ပါသည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များမှ ဝါး၊ သစ်၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွများကို စည်းကမ်းမဲ့ထုတ်ယူသုံးစွဲ ခြင်းနှင့်ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ရှားပါးလာပါသည်။ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်း မရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်တွင်လည်း အန္တရာယ်ရှိမှုမြင့်ပါသည်။ သစ်တောပြုန်းတီးမှုကြောင့်ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့်ရေ အရင်းအမြစ်များအန္တရာယ်ရှိမှုရှိနိုင်ပါသည်။ ဘတ္ထရီဖြင့်ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကိုလယ်များ၊ချောင်း

Scanned by CamScanner

များတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်း ကြောင့် ငါးမျိုးများပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု မြင့်မားလာပါသည်။ စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှုမရှိခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှလည်း ရှားပါးလာပြီးအန္တရာယ်ရှိမှုမြင့်လာပါသည်။ ကျီး၊ဆတ်၊တောဝက်၊ တော ကြောင်၊တောကြက်စသည့် အခြားတောရိုင်းတိရိစ္ဆာန် များမှာလဲရှားပါးလာပါသည်။ ကျေးရွာတွင် ရေနူတ်မြောင်းမရှိခြင်းကြောင့် ချောင်းရေကျချိန်တွင် ကျေးရွာအတွင်းရှိ အင်းထဲတွင်ရေဝပ်ကျန် ရစ်နေပါသဖြင့် အများပြည်သူ သွားလာရန်ခက်ခဲပါသည်။မိုးရာသီတွင် မိုးဆက်လက် ရွာသွန်း နေပါက ချောင်းထဲမှရေများမြင့်တက်လာပြီး တစ်ခါတစ်ရံ ရေကြီးခြင်းဖြစ်ပေါ်လာ၍ စပါးစိုက်ခင် များ ရေနစ်မြုပ်မှုခံရသောကြောင့် တောင်သူများ ပျက်စီးဆုံးရှုံးမှုနှင့်ခံကျရပါသည်။

(ဇ)ကျား-မရေးရာ

ကျားမဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။ကျေးရွာတွင်စီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများလည်းပါဝင်ဆောင်ရွက် လာမှုများတွေ့ရှိရပါသည်။အမျိုးသမီးများပြည်သူလူထုမှရွေးချယ်တင်မြောက်ကြပြီး မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိကြပါသည်။ခေါင်းဆောင်မှုရှိပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုအမျိုးသမီးများသည် တက်စွမ်းသမျှပါဝင်လုပ်ဆောင်ခဲ့ကြပါသည်။ကျေးရွာတွင်မိန်းကလေးများ/အမျိုးသမီးများအား သဲ သယဖြစ်ဖွယ်အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိကြသော်လည်းအိမ်တွင်းအကြမ်းဖက်မှုများရှိပါ သည်။အိမ်တွင်းအကြမ်းဖက်မှုများမှာယစ်ဆေးဝါးများကြောင့်အဖြစ်များပါသည်။အမျိုးသားများမှ ၎င်းတို့အမျိုးသမီးများအားမူးယစ်ဆေးများသုံးစွဲရန်ပိုက်ဆံတောင်းရာတွင်မပေးသဖြင့်ရိုက်နှက်ခြင် းများရှိပါသည်။မိဘများထံမှမူးယစ်ဆေးသုံးရန်ငွေတောင်း၍မရသောကြောင့် ခါးဖြင့်ခြိမ်းခြောက် တောင်းခံခြင်းများလည်းရှိပါသည်။ထို့ကြောင့်မူးယစ်ဆေးအန္တရာယ်များအမြစ်ပြတ်နိုမ်နင်းပေးရန် လိုအပ်ပါသည်။ ထိုကြောင့်အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊အိမ်တွင်းအ ကြမ်း ဖက်မှုကာကွယ်တားဆီးရေးသင်တန်းနှင့်ဥပဒေများကိုအမြင်ဖွင့်သင်ကြားခြင်းများလိုအပ်ပါ သည်။

ကျေးရွာအနီးပတ်ဝန်းကျင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ထုတ်ကုန်လုပ်ငန်းများ သာရှိ၍ ၄င်း လုပ်ငန်းများတွင် အမျိုးသားနှင့်အမျိုးသမီးတစ်ရက် လုပ်အားခ (၄၀၀၀)တန်းတူ လုပ်အားခရရှိပါသည်။ကျေးရွာတွင်ကျား/မလုပ်အားခ သိသာစွာခွဲခြားမှုမရှိဘဲတန်းတူရရှိပါသည်။

Scanned by CamScanner

၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍာ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ	ဦးစားပေးအဆင့်
၁။	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း	၁။အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ၂။စာရင်းနှင့်မှတ်တမ်းရေးသွင်းနည်းသင်တန်း ၃။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း ၄။လေ့လာရေးခရီး	၁ ၂ ၃ ၄
၂။	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ပညာရေးဝန်ထမ်း အင်းအားတိုးမြှင့်ခန့်ထားပေးခြင်း ၂။သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်း ၃။ကျောင်းအဆင့်မြှင့်ပေးခြင်း ၄။ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း ၅။ကျောင်းခြံစည်းရိုးကာရံခြင်း ၆။ကျောင်းသုံးပရိဘောဂ ၇။ပညာရေးဝန်ထမ်းအိမ်ယာ ဆောက်လုပ်ခြင်း	၁ ၂ ၃ ၄ ၅ ၆ ၇ ၈
၃။	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။အရေးပေါ် လူနာတင်ယာဉ် ၂။ကျန်းမာရေးအသိပညာပေးသင်တန်း ၃။တိုင်းရင်း ဆေးသင်တန်း ၄။ကျန်းမာရေးဆရာ/ဆရာမ	၁ ၂ ၃ ၄
၄။	သောက်ရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးမှုစီမံကိန်း	၁။သောက်ရေ အရည်အသွေးစစ်ဆေးခြင်း ၂။လက်တူးတွင်း များတူးဖော်ပေးရန်	၁ ၂
၅။	လမ်းတံတားနှင့်အခြေခံအဆောက်အဦးဖွံ့ဖြိုးမှုစီမံကိန်း	၁။စာသင်ကျောင်းများအသစ်ဆောက်လုပ်ပေးရန် ၂။ရွာတွင်းလမ်းများ ပြုပြင်ပေးရန် ၃။ကျေးရွာအဝင်တွင်ရေပြွန်တံတားများပြုလုပ်ပေးရန် ၄။ကျေးရွာပတ်လည်တွင်အင်းမှရေနုတ်မြောင်း	၁ ၂ ၃ ၄

Scanned by CamScanner

		ဖောက်လုပ်ပေးရန်	
၆။	စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။စပါးမျိုးကောင်း မျိုးသန့်ရရှိရေး ၂။လယ်ယာသုံးစက်ကိရိယာ အရစ်ကျရောင်းချခြင်း ၃။လယ်ဧကများဖော်ထုတ်ပေးခြင်း	၁ ၂ ၃
၇။	စိုက်ပျိုးရေးရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ရေနူတ်မြောင်းတူးဖော်၍စိုက်ပျိုးရေးရရှိအောင်ဆောင်ရွက်ခြင်း	၁
၈။	စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း	၁။စိုက်ပျိုးရေးနည်းပညာသင်တန်း ၂။ဘက်စုံ ပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း ၃။သဘာဝ မြေဆွေးပြုလုပ်နည်းသင်တန်း	၁ ၂ ၃
၉။	မွေးမြူးရေးထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ကြက်၊ဝက်၊ဘဲ မွေးမြူးရေးတိုးမြှင့်ခြင်း	၁
၁၀။	မွေးမြူးရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။တိ/မွေးကုမွမ်းမံသင်တန်း	၁
၁၁။	ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ	၁
၁၂။	အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း	၁။ခေတ်မှီ စက်ကိရိယာတပ်ဆင်ခြင်းလုပ်ငန်း (လက်သမားကိရိယာ၊ပန်းရံ ကိရိယာ၊ စက်ချုပ်ကိရိယာ၊အလှပြင်ဆိုင်ကိရိယာ၊ ရိုးရာ ယန္တကန်းကိရိယာ)	၁
၁၃။	အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ရိုးရာယက်ကန်းသင်တန်း ၂။အလှပြင်သင်တန်း ၃။စက်ချုပ်သင်တန်း ၄။ဆိုင်ကယ်၊ကား၀ပ်ရှော့သင်တန်း ၅။ဖုန်းပြုပြင်ခြင်းသင်တန်း ၆။ပန်းအလှသင်တန်း	၁ ၂ ၃ ၄ ၅ ၆
၁၄	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ရိုးရာတီးဝိုင်း ၊ ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း ၂။ကွန်ပြူတာသင်တန်း ၃။အင်္ဂလိပ်စကားပြောသင်တန်း	၁ ၂ ၃

Scanned by CamScanner

		၄။မူးယစ်ဆေးကာကွယ်တားဆီးရေးသင်တန်း	၄
		၅။အားကစားကွင်း ပြုပြင်ရန်နှင့် အားကစားပစ္စည်းများပံ့ပိုးခြင်း	၅
		၆။မူးယစ်ဆေး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း	၆
		၇။လူကုန်ကူး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း	၇
၁၅။	သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။အရေးပေါ်လူနာတင်ယာဉ်ထူထောင်ပေးရန်	၁
၁၆။	သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ကျေးရွာပတ်လည်၌ ရေနုတ်မြောင်းတူးဖော်ပေးခြင်း	၁
		၂။အရံမီးသတ်တပ်ဖွဲ့ထူထောင်ခြင်း	၂
		၃။မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေကန်၊ ရေစုပ်စက်ထားရှိခြင်း	၃
၁၇။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း	၁
		၂။ဆေးဖက်ဝင် ဘယဆေး စိုက်ခင်းထူထောင်ခြင်း	၂
		၃။လူထုထင်းစိုက်ခင်း ထူထောင်ခြင်း	၃
		၄။ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးဟောပြောခြင်း	၄
		၅။သစ်ပင်စိုက်ပွဲတော်များပြုလုပ်ပေးခြင်း	၅
၁၈။	အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးမှုစီမံကိန်း	၁။အမျိုးသမီး ကာကွယ်စောင့်ရှောက်နည်းသင်တန်း	၁
		၂။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း	၂
		၃။အမျိုးသမီးအိမ်တွင်းမှုသင်တန်း	၃

Scanned by CamScanner

၁၉။	မူဝါဒ	၁။စိုက်ပျိုးမြေများပုံစံ (၇) ရရှိရေး ၂။အိမ်ထောင်စုမရရှိသေးသူများပြုလုပ်ပေးရန်	၁ ၂

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)/ (အချို့မြို့နယ်များတွင် ၄၈ ဇယား)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄၅	၄၁	၈၆
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၆၁	၁၅၆	၃၁၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၂၃	၁၈၂	၄၀၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၈၆	၂၁၃	၃၉၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၈၄၃	၈၄၉	၁၆၉၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅၁	၆၁	၁၁၂
စုစုပေါင်း		၁၅၀၉	၁၅၀၂	၃၀၁၁
စုစုပေါင်း အိမ်ထောင်စု (၅၂၉)		တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၁၇.၅%		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၅၂၉ ရှိပြီး လူဦးရေပေါင်း ၃၀၁၁(ကျား ၁၅၀၉ + မ ၁၅၀၂) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၁၇.၅% ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော ၅ယောက်နှုန်းနီးပါးရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင်နို့စို့အရွယ် ကလေးငယ်စုစုပေါင်း ၈၆ ဦး (၂.၈၅%) သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းနေကြောင်းတွေ့ရသည်။ ၅ နှစ်အောက်ကလေး၃၁၇ဦး (၁၀.၅၂%) ရှိသည်ကိုသိရှိခြင်း အားဖြင့်ကာကွယ်ဆေးထိုးရမည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၄၀၅ ဦး (ကျား ၂၂၃+မ၁၈၂) နှင့် အလယ်တန်းကျောင်း သားအရွယ် ၃၉၉ ဦး (ကျား ၁၈၆+မ ၂၁၃) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေနိုင်ခြင်း၊ရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ်၁၆၉၂(ကျား ၈၄၃+ မ ၈၄၉)၊ (၅၆.၁၉%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားသည်ကိုတွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေ ထက် ၆ ဦး ပိုများသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၁၁၂ဦး (ကျား ၅၁+မ၆၁) ဦး (၃.၇%) ရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင်သက်ကြီးရွယ်ကြီးများ နည်းပါးသည်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင် အသက်ရှည်ရှည်နေထိုင်ရမှုနည်းပါးသည်ကိုတွေ့ရှိရပါ သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၃၆၆	၃၆၆	၂၅	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၁၁၆	၁၁၆		မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း:			၆	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၃	ငါးလုပ်ငန်း (ရေချို/ရေနုငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	၂	၂		မြင့် ☐ လတ်☐ နိမ့် ☑
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း:				
	ကိုယ်ပိုင် လုပ်ငန်း:			၁	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	၁၁	၁၁	၁၄၀	မြင့် ☐ လတ်☐ နိမ့် ☑
၆	ထုတ်ကုန်လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ၊ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၁၂	၁၂	၁၂	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:			၄	မြင့် ☐ လတ်☐ နိမ့် ☑
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:			၂	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	၁	၁	(သုံးဘီးမောင်း)	မြင့် ☐ လတ်☐ နိမ့် ☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၁	၁	၁	မြင့် ☐ လတ်☐ နိမ့် ☑
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၁	၁		မြင့် ☐ လတ်☐ နိမ့် ☑
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:			၁	မြင့် ☐ လတ်☐ နိမ့် ☑
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၂	၂	သင်းအုပ်ဆရာ	မြင့် ☐ လတ်☐ နိမ့် ☑
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၁၇	၁၇		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:			၂	မြင့် ☐ လတ်☐ နိမ့် ☑
	စုစုပေါင်း:	၇၂၃	၇၂၃	၁၉၄	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်

Scanned by CamScanner

အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေ ၅၂၉ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၄၈၂)အိမ်(ကပ၃၆၆+လသ၁၁၆)၊ ငါးလုပ်ငန်းလုပ်ကိုင်သူ(၂)အိမ်၊ သတ္တုတူးဖော်ရေးနှင့် သဘာဝအရင်း အမြစ်ရှာဖွေသူ(၁၀)အိမ်၊ ဈေးရောင်းဝယ်(၁၂)အိမ်၊ သုံးဘီးမောင်း(၁)အိမ်၊ ပြည်သူ့စစ်(၁)အိမ်၊ ကျောင်းဆရာ (၁) အိမ်၊ သင်းအုပ်ဆရာ(၂)အိမ်၊ကျပန်းလုပ်သူ (၁၇)အိမ်နှင့် ပြင်ပကုမ္ပဏီတွင်လုပ်ကိုင်သူ (၁)အိမ်စုစုပေါင်း (၅၂၉) အိမ်ဖြစ်သည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (၃၇၈)အိမ်နှင့် အလုပ်သမား/ဝန်ထမ်းလုပ်ကိုင်သူ (၁၅၁) အိမ်ဖြစ်သည်။ ဇယား(၁)တွင်အလုပ်လုပ်နိုင်သော အရွယ် (၁၆၉၂) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၇၂၃)ဦးနှင့် အလုပ်လုပ်နိုင်သည့် အရွယ်အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူစုစုပေါင်း(၂၀၃)မှအပ ကျန်ကျောင်းမနေတော့သည် အလုပ်လုပ်သည့်အရွယ်မှာ(၇၆၆) အလုပ်လက်မဲ့ဖြစ်နေကြသည်။ (၅၂၉)အိမ်မှ အလုပ်လုပ်နေသူ (၇၂၃) ဦးရှိသောကြောင့် မိသားစုစားဝတ်နေရေးအတွက် တစ်အိမ်ထောင်ပျမ်းမျှ (၁.၅) ယောက် အလုပ်လုပ်နေ ကြောင်း သိနိုင်သည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	လပေး		၅၀၀၀၀		၅၀၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း ၃ မျိုးရှိသည်ကို တွေ့ရသည်။

Scanned by CamScanner

၄င်းတို့မှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ထုတ်ကုန်လုပ်ငန်း၊ဆောက်လုပ်ရေးလက်သမား၊ပန်းရံလုပ်ငန်းများနှင့်ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများဖြစ်သည်။ ၄င်းလုပ်ငန်းများအနက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းများတွင်အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူရကြပါသည်။ လယ်စိုက်ချိန်တွင် နေ့စားလုပ်အားခ (၄၀၀၀)နှင့် နေ့လည်စာထမင်းကျွေးသည်ဟုသိရပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲတန်းတူရသည်ဟု ဆိုနိုင်ပါသည်။ သတ္တုတူးဖော်ရေးလုပ်ငန်းသည်နေ့စားလုပ်ကိုင်ခြင်း မဟုတ်ဘဲကိုယ်တိုင်တူးဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၀၁	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂၆	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၃၆	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၅	ကောင်း ☐	သင့်☐	ညံ့ ☑
ခန်တောမြေ	၀	ကောင်း ☐	သင့်☐	ညံ့ ☑
စားကျက်မြေ	၇	ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ် မြေလပ်	၅၁	ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၈၄၆	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ် ၄၀၁ဧက၊ တောင်ယာမြေ ၂၂၆ဧက၊ ဥယျာဉ်ခြံမြေ ၁၃၆ ဧကနှင့်မြေလွတ်မြေလပ် ၅၁ ဧက၊ကိုင်း/ကျွန်းမြေ ၂၅၊စားကျက်မြေ ၇ဧက စုစုပေါင်း မြေ (၈၄၆) ဧက ရှိသည်။ လယ်၊ တောင်ယာမြေနှင့် ဥယျာဉ်ခြံစိုက်ပျိုးမြေများမှာ မြေဆီလွှာအရည်အသွေးသင့်သည်။ မြေလွတ်မြေလပ်များရှိသော်လည်း ရေကြီးသည်အခါရေနစ်ဝန်းဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် ☐နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း☑ မရှိ☐	လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ☐

Scanned by CamScanner

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့်□ နည်း ☑ မရှိ □	လွယ် □ ခက်☒အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့်□ နည်း □မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ကျေးရွာနှင့်(၁၅)မိုင်နီးပါးဝေးသော နေရာတွင်ပယင်ကျောက်များတူးဖော်ရရှိနိုင်ပါသည်။လမုန်ချောင်းတွင် သဲ၊ ကျောက်များရှိသော်လည်း နည်းပါးသဖြင့် လိုအပ်သလောက်မရရှိနိုင်ပါ။သဘာဝပေါက်ပင်များအနေဖြင့် ဆေးဖက်ဝင်အပင်များမှာ ဆေးခါးပင်၊ နန္နင်းနက်၊ နန္နင်းဝါ၊ ကချင်ဆေးပင်အမြစ်/အရွက်၊ ဆေးသစ်ခွ၊ ပန်းသစ်ခွ၊ ဝါး၊ မန်ကျည်းနွယ် စသည်များ အနည်းငယ်ရှိသော်လည်း မန်ကျည်းနွယ်အပင်သာ ဆေးဖက်ဝင်သဖြင့် တရုတ်ပြည်မှဝယ်ယူကြပြီး ကျန်အပင်များမှာ အသုံးချရန်ကျွမ်းကျင်မှုမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးမပြုနိုင်ကြပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ				
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း				
အိမ်ထောင်စု (၅၂၉)	၇	၂၅	၈၀	၅၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လမုန်ကျေးရွာတွင် အိမ်ခြေ ၅၂၉ အိမ်ရှိပြီး အဆင့် ၁ (၃) အိမ် (၀.၅၇%)၊ အဆင့် ၂ (၂၁)အိမ် (၃.၉၆%)၊ အဆင့် ၃ (၆၂) အိမ် (၁၁.၇၂%)၊နှင့် အဆင့် ၄ (၄၄၃) အိမ် (၈၃.၇၄%) ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့် ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများ ပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာနည်းပြီး ၅၂၉ အိမ်ထောင်စုအနက် (၂၄) အိမ်သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်မှုမရှိသော်လည် ဝမ်းစာလုံလောက်မှုရှိခြင်း၊ အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၅၀၅ အိမ်အနက် ၄၄၃ အိမ်ရှိသည်။အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်း သောကြောင့် ပြင်ပ (ပြည်တွင်း/ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်စားသောက်ကြရသည်။

Scanned by CamScanner

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဖေယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စား‌ရိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား‌စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) အိမ်နှင့် အဆင့် (၄) ၅၀၅ အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှုစစ်တမ်းအရအိမ်တိုင်းနီးပါးရှိသော်လည်ပယင်မှော်သွားပြီးလုပ်ကိုင်စားသောက်နေသော ကြောင့်အထက်အကြောင်းအရာမှချေးယူစားသောက်ရခြင်းများရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဖေယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များမရှိပါ။ သက်ကြီးရွယ်အိုရှိသော်လည် မိသားစုအတူနေထိုင်စားသောက်နေနိုင်တာ ဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၉၃စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်သည်မိသားစု(၁၇)စုသာတွေ့ရှိရပါသဖြင့် ၄င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှု ရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေတိုးလာနိုင်ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ်☑	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ပြည်တွင်းပဋိပက္ခကျရောက်မှုတို့မှာ ထိခိုက်လွယ်မှုမြင့်သည်။ ပြည်တွင်းစစ်များကြောင့်ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာပြီး စားဝတ်နေရေး အဆင်မပြေမှုများဖြစ်ကြရသည်။ သဘာဝအရင်းအမြစ်များဖြစ်သော စိုက်ပျိုးရေနှင့် စိုက်ပျိုးမြေများလတ် ဖြစ်ရခြင်းမှာ သီးနှံများအထွက်နှုန်းနည်းခြင်း၊ စိုက်ပျိုးမြေနည်းခြင်း၊ စိုက်ပျိုးရေအနေဖြင့် သွင်းရေမရဘဲ မိုးရေကိုသာ အားကိုးနေရခြင်း၊ နည်းပညာအားနည်းခြင်း တို့ကြောင့်ဖြစ်သည်။ ရေကြီးခြင်း လတ်ဖြစ်ရခြင်းမှာ (၃-၄)နှစ် တစ်ကြိမ်မိုးများ၍ရေကြီးသောကြောင့် ရေကြီးသောအခါ လီဒိုလမ်းမှာရေလွှမ်းမိုး၍ တနိုင်းမြို့သို့သွားလာ၍ ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်ရန်အခက်အခဲများဖြစ်ရပါသည်။ သစ်တောပြုန်းတီးမှု လတ်ဖြစ်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိခုတ်လှဲခြင်း၊ ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ရွှေပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်း

Scanned by CamScanner

တို့ကြောင့်ဖြစ်သည်။ တိရစ္ဆာန်ကူးစက်မှု ရောဂါကျရောက်မှု လတ်ဖြစ်ရခြင်းမှာ တိမ်းကွဒ္ဒာနမှ ဝန်ဆောင်မှု လုံလောက်စွာ မရရှိနိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးဝန်ဆောင်မှုမရှိခြင်းကြောင့်ဖြစ်သည်။

တိဘီရောဂါနှင့် ငှက်ဖျားရောဂါကျရောက်မှု ထိခိုက်လွယ်မှုလတ်ဖြစ်ရခြင်းမှာ ကျေးရွာပတ်ဝန်းကျင် တွင်ရေကြီးကျန်ရစ်ခဲ့သည့် အင်းထဲမှခြင်ပေါက်ပွားခြင်းနှင့် ဆင်းရဲသားမိသားစုမှာ ခြင်ထောင်သုံးစွဲနိုင် မှုမရှိခြင်း၊ရောဂါဖြစ်ပွားသည့်အချိန်တွင်လည်း ကုသရန်ကျန်းမာရေးဆရာ/မ လုံလောက်မှုမရှိခြင်းနှင့် ဆေးဝါးများ အလုံအလောက်မရှိခြင်းကြောင့် ရောဂါများအချိန်မှီကုသနိုင်ခြင်းမရှိပါ။ ကိုယ်ခံအားကျဆင်းမှု ရောဂါ လတ်ဖြစ်ရခြင်းမှာ လူငယ်အမျိုးသားအများစုမှာ မူးယစ်ဆေးဝါးသုံးစွဲကြပြီး မူးယစ်ဆေးဝါးများမှာ ၎င်းတို့လိုသလောက်အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး မူးယစ်ဆေးဝါး၏ သားကောင်များဖြစ်နေကြသော ကြောင့် ရောဂါကူးစက်ရန်လွယ်ကူပြီး ကိုယ်ခံအားကျဆင်းမှု ရောဂါများဖြစ်ရခြင်းဖြစ်ပါသည်။ ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမှာ နိမ့်ဖြစ်သည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်☑	လတ် ☐	နိမ့်☐	မရှိ ☐
